အတွဲ ၆။ အမှတ် ၂။

# မောင်မေတ္တာ၏ စေတနာခရီး

ရုပ်လုံး ခင်သစ္စာ

ရွှေသွေး ဂျာနယ်

၁၃၃၅–ခု၊ ပြာသိုလဆုတ် ၅ ရက် (၁၂-၁-၇၄)





တခါတုန်းက ဘုရင်တပါးတွင် ဒေဝီခေါ် သမီးတော် တပါးရှိလေသည်။ ဘုရင်ကြီးသည် သမီးတော်အား အလွန်ချစ်မြတ်နိုးသည်။ တနေ့တွင် သမီးတော်လေးသည် အလွန်နေမကောင်းဖြစ်၏။





အရှင့်သမီး… ဘာများ စားချင်ပါသလဲ
သရက်သီးမှည့်ကလေး စားချင်လို့ကွာ..
သို့သော် သရက်သီး ပေါ်ချိန် မဟုတ်၍ သမားတော်ကြီးများ အခက်တွေ့နေရ၏။ သို့ဖြင့် ဘုရင်ကြီးအား တင်လျှောက်ကြရာ—
ဘုရင်ကြီးက သရက်သီးအမှည့် ရှာဖွေဆက်သနိုင်သူကို ဆုတော်ပေးမည်ဟု ကြေညာလေသည်။
တိုင်းပြည်၏ အစွန်ဆုံးရွာကလေး တရွာတွင် ဦးသီလခေါ် အဖိုးကြီးတဦး ရှိသည်။ သူ၏ သရက်ပင်တွင်သရက်သီးမှည့်များ အချိန်မဟုတ်ပဲ သီး၍နေကြ၏။
ဦးသီလသည် သရက်သီးမှည့် ငါးလုံးကို ခြင်းကလေးတွင်ထည့်ကာ သားကြီး မောင်ဗလအား နန်းတော်သို့ ပို့ခိုင်းလိုက်သည်။
တညတာ တည်းခိုခွင့် ပြုပါ
မောင်ဗလသည် လမ်းခုလတ်တွင် သူတော်စင်တဦး နေထိုင်ရာ တဲငယ်ကို တွေ့ရသည်။


အမောင်... ခြင်းထဲတွင် ဘာတွေ ပါလာပါသလဲ
သရက်သီးဆိုယင် ကောင်းစားတော့မယ်..ဒီတော့...
ဖွဲပြာ တွေပါ
ထိုညတွင် သူတော်စင်၏တပည့် သာဂိက ခြင်းငယ်ကို ဖွင့်ကြည့်ရာ သရက်သီးများကို တွေ့ရလေသည်။
နောက်နေ့ မိုးလင်းသော် မောင်မလ ခရီးဆက်ခဲ့ရာ နန်းတော်သို့ ရောက်ရှိသွားသည်။
ဟယ်
မင်းသမီး ဒေဝီအား သရက်သီးခြင်းကို ဆက်သ၍ မင်းသမီးလေးက ဝမ်းသာအားရ ဖွင့်ကြည့်လိုက်သောအခါ ဖွဲပြာများ ဖြစ်နေလေတော့သည်။
ဘုရင်ကြီးက မောင်မလအား အပြစ်ဒဏ် ပေးသည်။
ဦးသီလသည် မောင်မလ အကြောင်းကို ကြားသော် သရက်သီးငါးလုံးကို ခြင်းတောင်းတွင် ထည့်၍ သားလတ်ဖြစ်သူ မောင်ဝဏ္ဏအား နန်းတော်သို့ ပို့စေပြန်သည်။


ဟို.. ခြင်းထဲမှာ ဘာတွေပါသလဲ အမောင်
မောင်ဝဏ္ဏလည်း သရက်သီးမှည့်များကို မပေးလိုသဖြင့် လိမ်လည်ကာ –
ခဲလုံးများသာ ပါ ပါတယ် ခင်ဗျာ.
သာဂိသည် မောင်ဝဏ္ဏ၏ခြင်းကို ဖွင့်ကြည့်သောအခါ သရက်သီးများကို တွေ့ရ၏။
နန်းတော်ရောက်၍ဘုရင်ကြီးအား သရက်သီးခြင်းကို ဆက်သရာဖွင့်ကြည့်သော် ခဲလုံးများဖြစ်နေ၏။
တောက်!
ဘုရင်ကြီးသည် အလွန်စိတ်ဆိုးသွားပြီး မောင်ဝဏ္ဏကို ထောင်သွင်းအကျဉ်းချထားစေသည်။
ဦးသီလသည် သားလတ်၏သတင်းကို ကြားသော် အပင်တွင်ကျန်သော သရက်သီးငါးလုံးကိုခူး၍ သားထွေး မောင်မေတ္တာအား နန်းတော်သို့ ပို့စေပြန်သည်။


အရင်အသီးတွေလို မကောင်းဘူးပေါ့ကွယ် ပင်ကျန်အသီးတွေကိုး၊ ရှိတာဘဲပုံသွားပေတော့.. သားငယ်
မောင်မေတ္တာသည်လမ်းခုလတ်တွင် သူ့အစ်ကိုများ တည်းခိုခဲ့သော သူတော်စင်ထံ တည်းခိုသည်။
အမောင့် ခြင်းထဲမှာ ဘာတွေများပါသလဲကွဲ့.
သရက်သီးပါအဖိုး.. အဖိုး စားဘို့ သရက်သီးတလုံး ကန်တော့ခဲ့ပါရစေ..
သာခု.. သာခု....
သူတော်စင်အား သရက်သီးတလုံး ပေးခဲ့ပြီး နောက်နေ့ခရီးဆက်ခဲ့ရာ နန်းတော်သို့ ရောက်ရှိသွားသည်။
ဒီတခေါက်လဲ ထောင်သွင်းခံရဦးမှာဘဲ
ဘုရင်ကြီးသည်မောင်မေတ္တာဆက်သသော ခြင်းတောင်းကို ဖွင့်ကြည့်လိုက်သော အခါ သရက်သီးမှည့်များကို မြင်တွေ့ရလေသည်။
မောင်မေတ္တာမှာမူ သူယူခဲ့စဉ်က သရက်သီး လေးလုံးမျှသာဖြစ်သော်လည်း ယခု တဆယ့်လေးလုံး ဖြစ်နေ၍ အံ့ဩရ၏။


မင်းသမီးလေး ဒေဝီသည် သရက်သီးစားရသဖြင့် ရောဂါဝေဒနာ ပျောက်ကင်းသွားသည်။ ဘုရင်ကြီးမှာ များစွာဝမ်းသာသွားလေသည်။
အလိုရှိရာကို တောင်းစေ
မင်းသမီးကလေး ရောဂါပျောက်ကင်းသွားရသည်မှာ ကျနော်မျိုး အလိုရှိရာဆုဖြစ်ပါသည်၊ ချိုသော အကျဉ်းချထားသော နောင်တော်နှစ်ဦးကို အကျဉ်းမှ လွှတ်တော်မူပါ..
မောင်မေတ္တာ၏ဆန္ဒအတိုင်း သူ့အစ်ကိုများကို အကျဉ်းမှလွှတ်လိုက်သည်။ အစ်ကို နှစ်ယောက်မှာ လိမ်ညာပြောမိခဲ့သည်ကို နောင်တ ရကြ၏။
သရက်သီးပြဿနာပြေသည်မှာ အကြောင်းစေတပည့် သာဂိ ဖြစ်လေသည်။
သာဂိသည် လိမ်လည်ပြောသော အစ်ကိုနှစ်ယောက်၏ ခြင်းထဲမှ သရက်သီးများကို ယူထားပြီး မှန်ကန်သောစကားကိုဆိုသော မောင်မေတ္တာ၏ ခြင်းထဲသို့ ထိုသရက်သီးများကို ထည့်ပေးလိုက်ခြင်း ဖြစ်လေသည်။

အောင်ဇင်



ပြားခြားနားသည်။ သို့ရာတွင် အသုံးချရာ၌ ပိုက်ဆံပင်နှင့် အလားတူဖြစ်၍ နှစ်မျိုးစလုံးကို လျှော်ထုတ်ရန် စိုက်ပျိုးကြသည်။ ဂုံလျှော် စေ့ကိုမူ ပိုက်ဆံဆီ ပြုလုပ်ရာ၌ အသုံးပြုရ၏။ ယင်း ပိုက်ဆံဆီသည် သဘော်ဆေးနှင့် အရောင်တင် ဆေးများ ပြုလုပ်ရာ၌၎င်း၊ ကြမ်းခင်းဆီစိမ်ရွက်ထည်နှင့် ဆီစိမ်အဝတ်ပြုလုပ်ရာ၌၎င်း၊ အန္တိုဆေးဝါးများကို ဖော်စပ်ရာ၌၎င်း များစွာအသုံးဝင်လေသည်။

အစေ့အလို့ငှာ စိုက်ပျိုးသော အပင်များကို အသီးများမှည့်နေစဉ် ရိတ်သိမ်းရ၍ လျှော်အတွက်ကိုမူ အသီးမမှည့်ခင် ရိတ်သိမ်းရလေသည်။ မှည့်သွားပါက လျှော်သည်ကြမ်းတမ်း၍ အလွန်မာကျောသွားတတ်လေသည်။



ဂုံလျှော် အမျိုးပေါင်း များစွာရှိသော်လည်း အများအားဖြင့် စိုက်ပျိုးသော ဂုံလျှော်မှာ သီးလုံးပုနှင့် သီးတောင့်ရှည် ဖြစ်၏။ ကျန် ဂုံလျှော်မျိုးများသည် ယနေ့တိုင် အရိုင်းအတိုင်းပင် ရှိနေကြသေးသည်။ ဂုံလျှော်ကို ရိတ်သိမ်းရာ၌၎င်း၊ ရေစိမ်ရာ၌၎င်း၊ လျှော်ခွါရာ၌၎င်း စနစ်တကျ ပြုလုပ်ရန် လိုပေသည်။ သို့မဟုတ်က မျိုး၊ မြေဩဇာနှင့် စိုက်ပျိုးပုံတို့ မည်မျှ ကောင်းမွန်စေကာမူ အဆင့်လည်းမမြင့်၍ လျှော်ထွက်လည်း ကောင်းမည် မဟုတ်ပေ။

ဝါကို အထည်ရက်လုပ်ရာ၌ အဆင့်ဆင့် ပြုလုပ်ရသကဲ့သို့ ဂုံလျှော်ကိုလည်းချည်ပြုလုပ်ရာတွင်အဆင့်ဆင့်ပြုလုပ်ရလေသည်။ ဂုံလျှော်မှ ရွက်ထည်ကော်ဇော၊ မြေသုတ်ဖုန်၊ ကုလားထိုင်ဖျင်၊ လွယ်အိတ်၊ ကုတ်အင်္ကျီအတွင်းခံဖျင်၊ ချည်ကြိုး၊ ထမ်းပိုးကြိုး၊ ဂုံနီအိတ်၊ ဂုံနီဖျင်၊ ဂုံနီကြိုးစသည်တို့သာမက ပိုးတု သက္ကလတ်စသည်တို့ကိုလည်း အမျိုးမျိုး ပြုလုပ်သုံးစွဲနိုင်လေသည်။ ရှေး နှစ်ပေါင်း ၄၀၀၀ ခန့်က အီဂျစ်လူမျိုးတို့သည် မမ္မီခေါ် လူသေ အလောင်းများအား ဂုံလျှော်မှ ရရှိသောချည်ဖြင့် ကျပ်စည်းထုပ်ပိုးခဲ့ကြသည်။ ဂုံလျှော်ကိုကန့်လန့်ကာများ၊ ဆံပင်တုများ၊ ဆွဲကားများ ပြုလုပ်ရာ၌၎င်း၊ နံရံများ၊ အသံလုံကန့်လန့်ကာများပြုလုပ်ရာ၌၎င်း အသုံးပြုရသေးသည်။




ဦးတိုးသည် စာအုပ် အရောင်းအဝယ် လုပ်ငန်းဖြင့် ကြီးပွား ချမ်းသာနေသူဖြစ်သည်။
သူသည် ''တိုးစာပေတိုက်'' ပိုင်ရှင် ဖြစ်သော်လည်း အလွန် ကပ်စေးနဲသည်။
နှစ်ပြားဆိုတာ လဲ..ငွေ ဘဲကွ
သူ့ ဆိုင်မှ စာအုပ်များကို ဈေးဆစ်၍ ဝယ်လျှင် အလွန် စိတ်ဆိုးတတ်သည်။
မလျှော့နိုင်ဘူး ဆိုနေမှဗျာ...
စာအုပ်ထုပ်များကို လူငှားဖြင့် သယ်ပါက ပိုက်ဆံ ပေးရမည်စိုး၍ ကိုယ်တိုင် သယ်ယူ ပို့ဆောင်လေ့ရှိသည်။
တနေ့တွင် သူ၏ ခြေထောက်ပေါ်သို့ စာအုပ် စည်းတခု ပြုတ်ကျသဖြင့်
အား


ခြေထောက် ရောင်နေလေသည်။
ဆရာဝန်ကို သွားပြကြည့်ပါလား..ကိုတိုး...
သွားပြယင် ခရီးစရိတ်ကုန်မှာပေါ့ကွ စာအုပ်လာဝယ်မှပြလဲ ရတာဘဲ ဟာ...
နောက်တနေ့တွင် သူ့ဆိုင်သို့ ဒေါက်တာညိုမောင် စာအုပ်လာဝယ်သဖြင့်
ဆရာ..ကျွန်တော့် ခြေထောက်ရောင် နေလို့ ကြည့်ပေးပါ.
ဆရာဝန်သည် ဦးတိုး၏ ခြေထောက်ကို စမ်းသပ်ကြည့်ပြီး
ဖြစ်စက ပြယင် ဆေးတလုံးထိုးတာ နဲ့ ပျောက်တယ်..အခု တော့ လိမ်းဆေးပါ ဝယ်ရလိမ့်မယ်..
ရော့..အဲဒီ ဆေးကို ရအောင် ရှာဝယ်ပါ..
ဦးတိုး..ဒီစာအုပ်တွေ အားလုံး ဘယ်လောက် ကျသလဲဗျ -


အားလုံး တဆယ်နီး ကျပါတယ်..မလျှော့နိုင်တဲ့ ဈေးပါဘဲ ဆရာ...
ဒါဖြင့် ကျွန်တော် ပေးဖို့ မလိုတော့ဘူး ပေါ့ဗျာ..
ဟင်..ဘာဖြစ်လို့လဲ ဆရာ...
ဆေးတိုက်မှာလာမှတာ ဆိုယင်..ငါးကျပ်ယူပါတယ် ခုလို အပြင်မှာကြည့်ရတာ ဆိုယင်..တဆယ်ယူတယ်လေ.. ခြေကြွခ ငါးကျပ်ကိုး ဗျ –
ဆရာဝန်သည် စာအုပ်များကို ပွေ့၍ ပြန်သွားတော့သည်။
အလုပ်သမားခ ပေးရမည်စိုးသော၊ ခရီးစရိတ် ပေးရမည် စိုးသောဦးတိုးသည် ငိုင်၍၊ မှိုင်၍ ကျန်ခဲ့လေတော့သတည်း။
ပြီး

စစ်သူကြီး မဟာဗန္ဓုလသည် မြန်မာ့သမိုင်းတွင် တိုက်ရည်ခိုက်ရည် အလွန်ပြည့်ဝသော စစ်သူကြီး ဖြစ်၏။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၈၂၄-၁၈၂၆ အတွင်း ဖြစ်ပွားခဲ့သော ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ဗြိတိသျှနယ်ချဲ့တို့ကို မဟာဗန္ဓုလသည် ရှပ်ရှပ်ခွဲခွဲ ခေါင်းဆောင် တိုက်ခိုက်ခဲ့သည်။


ရခိုင်ပြည် ပန်းဝါအရပ်တွင် အင်္ဂလိပ်တပ်များကို မဟာဗန္ဓုလဦးစီးသော မြန်မာတပ်များက ချေမှုန်းနိုင်ခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့က ရေကြောင်းမှ နေ၍ ရန်ကုန်မြို့ကို အလုံး အရင်းနှင့် ဝင်တိုက်သည်။ မဟာဗန္ဓုလလည်း ပန်းဝါမှ ရန်ကုန်သို့ ချက်ချင်း ချီတက်လာသည်။ သို့သော် မြန်မာတပ်မှာ အရေးရှုံးနိမ့်၍ ဆုတ်ခွာခဲ့ရသည်။




တိုက်ရင်း ဆုတ်ခွာပြုလုပ်လာရာ ဓနုဖြူမြို့သို့ ရောက်သောအခါ စစ်သူကြီး မဟာဗန္ဓုလသည် မုံးဆံ ထိမှန်၍ ကျဆုံး သွားရှာသည်။ ကျဆုံးသည့် အထိမ်းအမှတ်အဖြစ် မဟာဗန္ဓုလ ကြေးရုပ်ကို ဓနုဖြူမြို့တွင် သွန်းလုပ်၍ စိုက်ထူထားပေသည်။


မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## လနှင့်မန္တလေး ဘယ်ဟာကပိုဝေး



# မျက်စိုးစွန်းမှ အာမာရွတ်

သိန်းထင်နိုင်



ဇော်ကြီးမှာ ကျွန်တော့် အစ်ကိုဖြစ်သည်။ ကျွန်တော့် ထက် အသက် တနှစ်ခွဲခန့်ကြီး သည်။ အစ အလွန်သန်သည်။ အစားကြီးသည်။ အငယ်များ ကိုလည်း အနိုင် ကျင့်တတ် သည်။

ကျွန်တော်တို့ ညီအစ်ကို ကျောင်းသို့ ဘတ်စကားဖြင့် သွားကြရသည်။ ကျွန်တော် သည် ဇော်ကြီးကိုသာ အား ကိုး၍ ကျောင်းတက်ရသည်။

မနက်ဖက်တွင် မေမေက အကြော်နှစ်ခုစီ ကျွေးတတ်၏။

“အကြော် တဝက် မပေး ယင် ကျောင်းကို မင်းနဲ့ငါ အတူ မသွားဘူး” ဟု ဆိုသဖြင့် ဇော် ကြီးအား မုံ့တဝက်အမြဲ ကျွေး ရပါသည်။

ညနေ ကျောင်းဆင်းလျှင် သူ၏ဂေါ်လီဝိုင်းပြီးသည်အထိ ထိုင်စောင့်ရသည်။ သူကစား ဝိုင်းပြီးမှ အိမ်ပြန်ရသည်။

ကျောင်းပိတ်ရက် သူငယ် ချင်းများနှင့် ကစားကြလျှင် လည်း

“ဟေ့ ခနှ က ငါ့စာအုပ် ပျောက်သွား မေမေ့ကို မတိုင်မှ မင်းပါမယ်” ဟူ၍ရင်း၊

“မင်းပါချင်ယင် ညကျယင် ငါ့စာတွေ ကူးပေးရမယ်” ဟူ ၍ရင်း အမြဲအနိုင်ကျင့်တတ်၏။

ကစားဖော်များ ဖြစ်ကြ သော ဖောင်သန်း၊ ဝကြီးနှင့် မွှတ်ပါး တို့မှာလည်း သူ၏ တပည့်များသာ ဖြစ်ကြသည်။ သူ့ဖက်က အမြဲ ပါကြသည်။ ကျွန်တော့်တွင်လည်း သူတို့မှ လွဲ၍ ကစားဖော် မရှိသဖြင့် ဇော်ကြီး ခိုင်းသည်ကို အမြဲ လုပ်ပေးခဲ့ရသည်။

ကျောင်းပိတ်ရက် တရက် တွင် ဖြစ်သည်။

အိမ်ဘေး ခြံထဲတွင် ကျွန် တော်တို့လူစု ဂေါ်လီ ထောင် ပစ်ကြသည်။

ကျွန်တော် ဂေါ်လီ အလုံး နှစ်ဆယ်ကျော်နိုင်သည်။ ဇော် ကြီးအပေါ်တွင် အကြွေးဆယ့် ငါးလုံးတင်နေသည်။ သူတို့ရှုံး ၍ ညစ်ချင်ကြသည်။

တလှည့်တွင် ကျွန်တော် ခေါင်အလုံးကိုထိရာ –

“ဖိုးပိန် ထိပြီဟေ့၊ လုကြ၊ ဝိုင်းလုကြ”

သူတို့ ဂေါ်လီများကိုလုပြီး မိုးပေါ်သို့ မြှောက်ပစ်ကြရင်း ကျွန်တော့်ကို ဝိုင်းစလေတော့ သည်။

“ဖိုးပိန် – ဖိုးပိန်၊ ဝက်ချေး စား”

“ဟေ့ကောင်တွေ မေမေနဲ့ တိုင်ပြောမယ်”

ကျွန်တော်က ငိုသံပါပါဖြင့် ပြောလိုက်သည်။

သို့သော် သူတို့အစကားမ ရပ်။ ဇော်ကြီးက အဆိုးဆုံး။ ကျွန်တော် အလွန်စိတ်ဆိုး၏။ ဒေါသကို မထိန်းနိုင်သဖြင့် အနီးရှိ နှီးဆီခွက်ဖြင့် ဇော်ကြီး အား တအား ပေါက်လိုက်မိ လေသည်။

"အား"

"ဟာ သွေးတွေ၊ သွေးတွေ၊ မျက်လုံးမှန်သွားပြီ"

ကျွန်တော် ဘာလုပ်ရမှန်းမသိ။ အိမ်ပေါ်သို့ တက်ပြေးမိသည်။

မေမေ၊ ဦးလေးနှင့် ဒေါ်လေးတို့ အိမ်ပေါ်မှ ပြေးဆင်းလာကြသည်။ ဇော်ကြီး၏ငိုသံ၊ လူကြီးများ၏ တယောက်တပေါက်အသံများ ဆူညံသွားတော့သည်။

သွေးချင်းချင်း နီနေသော ဇော်ကြီး ၏ မျက်နှာကိုသာ ကျွန်တော်မြင်နေမိသည်။ ဝမ်းနည်းစိတ်၊ ကြောက်စိတ်တို့ဖြင့် ထောင့်တထောင့်တွင် ငိုနေမိသည်။

ဇော်ကြီးကို ဆေးရုံသို့ခေါ်သွား ကြ သည်။ လက် ဝဲ ဖက် မျက်ခုံးစွန်းတွင် နို့ဆီ ခွက် သံပြားဖြင့်ရှ၍ တ လက် မ ခွဲ ခန့်ကွဲသွားသည်။ ဆေးရုံမှ ငါးချက် ချုပ်ပေး လိုက်ရသည်ဟု ဆိုသည်။

"ရန်ဖြစ်တာ နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ်။ ဇော်လေးက ပို အပြစ်ရှိတယ်" ဟု မေမေက ပြောသည်။ ကျွန်တော် ကြိမ်လုံးဖြင့် သုံးချက် အရိုက်ခံရသည်။ ဇော်ကြီးက ဒဏ်ရာရသွား၍ အရိုက် လွတ်သွားသည်။

ပြီးသော် မေမေက –

"ညီအကိုချင်း ရန်ဖြစ်တာ ကောင်းသလား ဟင်။ ခုတော့ အကြီးကစတယ်။ အငယ်က နို့ဆီခွက်နဲ့ ပေါက်တယ်။ ဒီမှာ ဇော်လေး၊ မင်းကိုကိုကို နို့ဆီခွက်နဲ့ ပေါက်လိုက်တာ မျက်စိထိပြီး မျက်စိ ကန်းသွားယင် ဘယ့်နှယ်လုပ်မလဲ။ မေမေမွေးတုန်းကအကောင်း။ သူကလာစယင် မေမေတို့ကို တိုင်ပေါ့။ သူအရိုက်ခံရမှာပေါ့။ နောက် ဒီလိုအရမ်းမလုပ်ရဘူးနော်"

"ဟုတ်ကဲ့ မေမေ"

"ဇော်ကြီးကလဲ ညီလေးကို သိပ်စတာဘဲ။ ညီလေးက ဒေါသထွက်ပြီး ခုလို လုပ်လိုက်တော့၊ ဟင်း– ကံကောင်း လို့ မျက်စိမကန်းတာ။ ညီအကိုချင်း သင့်မြတ် စည်းလုံးမှ သူများ အစော်ကား မခံရမှာ။ ညီအကိုဆိုတာ တယောက်ကို တယောက် ချစ်ခင်ရတယ်၊ သည်းခံရမယ်၊ ယိုင်းပင်းရမယ်။ ကြားလား။ နောက်ကို ရန်ဖြစ်အုံးမလား"

"မဖြစ်တော့ပါဘူး မေမေ"

ကျွန်တော်တို့ နှစ်ယောက်လုံး ဝမ်းနည်းသံဖြင့် အဖြေပေးလိုက်ကြပါသည်။

ဇော်ကြီး၏ မျက်ခုံးစွန်းမှ အမာရွတ်ကလေးကို မြင်တိုင်း ကျွန်တော် ဒေါသအလျောက် ပြုမိခဲ့သည့်အပြစ်ကို နောင်တရ၍မဆုံး ရှိတော့သည်။

အမာရွတ်ကလေး ရပြီးသည့်နောက် ဇော်ကြီးကလည်း ယခင်ကလို အစ မသန်တော့ပါ။ အနိုင်မကျင့်တော့ပါ။

# လူယဉ်ကျေး

မောင်မောင်နဲ့ မမ၊
သိမ်မွေ့ပါလှ လိမ္မာလှ။

မိဘဆရာ ရှေ့ကသာ၊
ဖြတ်သွားဖြတ်လာ ပြုတဲ့ခါ။

ကိုယ်ကိုညွတ်ကာ ခပ်ကျုံ့ကျုံ့၊
ခေါင်းလေး တငုံ့ငုံ့။

ခွန်းတုံ့ပြန်လို့ မငြင်းဆန်၊
မိပစကား မတော်လှန်။

ဆုံးမပြန်ယင် နာခံကြ၊
ရှိသေလှတဲ့ မောင်နှမ။

မတော်တဆ ခိုက်မိလျှင်၊
ကန်တော့ကန်တော့ ဆိုမြဲပင်။


အစဉ်အလာ ထိန်းသိမ်းကြ၊
ယဉ်ကျေးပါတဲ့ မောင်နှမ။ ။

ခင်သီရိမာ



K. 517


# ပန်းရည်စုတ်



ပန်းရည်စုတ်သည် နံပြီစုတ်ကဲ့သို့ သေးငယ်သော ငှက်မျိုးဖြစ်၍ အလျား လေးလက်မခန့် ရှိသည်။ ပျံသန်းသည့်အခါ စူးစူးရှရှ အော်တတ်၏။ ငှက်ဖိုသည် ပင်မြင့်ပေါ်တွင် နားရင်း သာယာ နာပျော်ဘွယ်တေးကို သီတတ်သည်။ ယင်းတို့သည် ပန်းပွင့်များမှ ပန်းဝတ်ရည်ကို သောက်သုံးရုံသာမက ပိုးမွှား အသေးစား၊ ခူကောင်၊ ပင့်ကူနှင့် ယင်များကိုလည်း စား၏။ ထို့ကြောင့် ယင်းတို့ အများဆုံး ကျက်စားရာနေရာမှာ ဥယျာဉ်ပန်းခြံများ ဖြစ်လေသည်။

ဖေဖော်ဝါရီလမှ ဇွန်လအထိ သားပေါက်၏။ သားပေါက်ချိန်တွင် ပန်းရည်စုတ် ငှက်ဖို၏ အမွေးအတောင်များသည် မည်းနက်နေ၍ နေရောင်တွင် သတ္တုအပြာရောင် သို့မဟုတ် ခရမ်းနုရောင် တောက်ပ ပြောင်လက်နေ၏။ သာမန်အချိန်တွင် အဖိုသည် အမနှင့်ဆင်တူသည်။ အမတွင် အထက်ပိုင်း၌ အညိုရောင်ရှိ၍ အောက်ပိုင်း၌ အဝါရောင် ရှိသည်။

အသိုက်ကို မြက်နု၊ သစ်ကိုင်းခြောက်၊ သစ်ရွက်၊ အဝတ်စုတ် စသည်တို့ဖြင့် သစ်ပင်တွင် ပြုလုပ်တတ်၏။ တမြုံလျှင် နှစ်ဥမှ သုံးဥအထိ ရှိ၏။ ဥ၏အရောင်မှာ မွဲပြာပြာတွင် အရောင်ရင့်များ သမ်းနေသည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၆၃ လက်မနှင့် ပြက် ၀.၄၅ လက်မ ရှိသည်။



ဤငှက်မျိုးကို အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြားတွေ့ရ၏။ မြန်မာနိုင်ငံရှိ ကွင်းပြင်နှင့် တောင်ခြေများတွင်ရင်း၊ ရှမ်းပြည်နယ်၌ရင်း တွေ့မြင်နိုင်ပေသည်။

စိုးမြင့်



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၈၀ /၈၄ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်သုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/